UNHCR
The UN Refugee Agency

# THAILAND

18 May – 6 June 2019

Media Monitoring report # 206

## မြေနှင့်ပစ္စည်းဥစ္စာ

### ‘ကော်’ ရိုးရာဓလေ့ နယ်မြေစီမံအုပ်ချုပ်မှုစနစ် ပိုမိုအားကောင်းလာရန် ပြင်ဆင်လုပ်ဆောင်

Karen News, 4 June 2019

‘ကော်’ ရိုးရာဓလေ့ နယ်မြေစီမံအုပ်ချုပ်မှုစနစ် ပိုမိုအားကောင်းလာရန် ထိရောက်စွာ အကောင်အထည်ဖော်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း KNU-ကရင်အမျိုးသားအစည်းအရုံး၊ ဖားအံခရိုင် လေးဝါး(လော်ခီးလာ)တွင် မေလ ၂၉ရက်မှ ၃၀ရက်နေ့အထိ ပြုလုပ်သည့် ‘ကော်’ ရိုးရာဓလေ့ နယ်မြေစီမံအုပ်ချုပ်မှုဆိုင်ရာ နီးနှောဖလှယ်ပွဲ၌ ဆုံးဖြတ်လိုက်သည်။



ဒေသခံလူမှုအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အလှူရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ကေအဲန်ယူ ထိပ်ပိုင်းခေါင်းဆောင် ကိုယ်စားလှယ်များအပါအဝင် အဖွဲ့အစည်းပေါင်း (၅၆) ဖွဲ့မှ စုစုပေါင်း ကိုယ်စားလှယ်(၅၁၉) တက်ရောက်သည့် ၎င်း နီးနှောဖလှယ်ပွဲတွင် ထိုသို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ၎င်းနီးနှောဖလှယ်ပွဲ ပြုလုပ်ရခြင်းမှာလည်း ကော်သူးလေးနယ်မြေအတွင်း ‘ကော်’ စနစ်နဲ့ ကိုယ့်ဌာနေ နယ်မြေကို ကိုယ်တိုင်စီမံ အုပ်ချုပ်မှုများစွာရှိနေသေးသည့်အပေါ်မှာ ၎င်းကို ပိုမိုအားကောင်းလာစေရန် ထုတ်ဖော်လိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်းလည်း ပဒိုစောနေသဘာလေးက ဆက်ပြောသည်။

‘ကော်’ ရိုးရာဓလေ့ နယ်မြေစီမံအုပ်ချုပ်မှုဆိုသည်မှာ စုပေါင်းပိုင်ဆိုင်ခြင်း၊ စုပေါင်းအသုံးပြုချင်း၊ စုပေါင်းလိုက်နာဆောင်ရွက်ခြင်း၊ စုပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းကိုအခြေခံသည့် မြေ၊ ရေ၊ သစ်တောနှင့် သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲခြင်း အပါအဝင် ဓလေ့ထုံးတမ်း တရားစီရင်ခြင်း၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းခြင်း၊ ဓလေ့ထုံးတမ်းကိုးကွယ်ယုံကြည်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟာစနစ်ကို တန်ဖိုးထားခြင်းစနစ်များ ပေါင်းစပ်ထားသော အုပ်ချုပ်မှုစနစ်ဖြစ်သည်ဟု ဆိုသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သုတေသနလေ့လာချက်အရ ကော်သူးလေ နယ်မြေတွင် ‘ကော်’ ကိုယ်ပိုင်စီမံ အုပ်ချုပ်မှုစနစ် (၁၉၈)ကော်ရှိပြီး ၎င်းစနစ်ကို ကေအဲန်ယူ၏ မြေယာမူဝါဒနှင့် သစ်တောမူဝါဒတွင် အသိအမှတ်ပြုထားသည်။ စီမံအုပ်ချုပ်မှုစနစ်ပြန်လည်ဖွံ့ဖြိုးရေးနှင့် ထိရောက်စွာထိန်းသိမ်းကာကွယ်ရန်အတွက်လည်း ကေအဲန်ယူအနေဖြင့် လုပ်ငန်းစီမံချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်ဟုလည်း နီးနှောဖလှယ်ပွဲအပြီး ထုတ်ပြန်သည့် ထုတ်ပြန်ချက်၌ ဆိုသည်။

ထို့အပြင် ၎င်းထုတ်ပြန်ချက်၌ ‘ကော်’ ရိုးရာ ကိုယ်ပိုင်စီမံအုပ်ချုပ်မှုစနစ်နှင့် လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှု၊ အနာဂတ်ဖက်ဒရယ် တည်ဆောက်မှုနှင့် ကိုက်ညီမှုမရှိသည့် မြန်မာနိုင်ငံအစိုးရ၏ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲမှုဥပဒေ၊ မြေတိုင်းဥပဒေ(မူကြမ်း)တို့ကို ဆန့်ကျင်ကန့်ကွက်ကြောင်းလည်း ဖော်ပြပြောဆိုထားသည်။ အဆိုပါ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှုဥပဒေ အတည်ပြုပေါ်ထွက်လာခြင်းအပေါ် ကေအဲန်ယူအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများမှ သဘောထားများထုတ်ပြန် ကန့်ကွက်ခဲ့သော်လည်း မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) အပိုဒ်(၃၇)၊ (က)အရ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့်လေထုအ

တွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်ကြောင်း ပါရှိသည်။အလားတူ ဓလေ့ထုံးတမ်းအရ မြေယာ စီမံခန့်ခွဲမှုဆိုင်ရာ နီးနော ဖလှယ်ပွဲတစ်ခုကို ပြီးခဲ့သည့် ၂၀၁၈ခုနှစ်၊ ဇွန်လ ၂၅ရက်မှ ၂၇ရက်နေ့ အထိ ကရင်အမျိုးသားအစည်းအရုံး-KNU၊ မူတရော် (ဖာပွန်)ခရိုင်၊ လူသောမြို့နယ်၊ တမေထ ကျေးရွာတွင် ပြုလုပ်ခဲ့သည်။

https://www.bnionline.net/en/news/karen-groups-aim-strengthen-customary-land-management-system-knu areas

## အမျိုးသားပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒများ ချမှတ်

Mizzima, 6 June 2019

နိုင်ငံ၏သဘာဝပတ်ဝန်းကျင်အား ကာကွယ်ရန်နှင့် ရာသီဥတုပြောင်းလဲသက်ရောက်မှုများအတွက် အစိုးရသည် မြန်မာနိုင်ငံ၏သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုအတွက်နည်းဗျူဟာအသစ်နှစ်ရပ်ကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံအစိုးရက ယမန်နေ့ကကြေငြာခဲ့သည်ဟု ယူအဲန်၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာကြေငြာချက်တွင် ဖော်ပြထားသည်။




မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိနိုင်ငံများထဲတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံရဆုံးဖြစ်သည့်နိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထင်ရှားသည့်ဇီဝမျိုးစုံနှင့် သဘာဝသယံဇာတများသည် နိုင်ငံ၏ဖွံ့ဖြိုးမှုများကြောင့် ဖိစီးမှုများရှိလာသည်။ ပိုများပြင်းထန်သည့် ရေလွှမ်းမိုးမှုများ၊ မုန်တိုင်းများနှင့် မိုးခေါင်ရေရှားမှုများ မကြာမဏာဖြစ်ပေါ်လာမှုသည် အခြေခံအဆောက်အဦးများနှင့်စီးပွားရေးအတွက် အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည်။

သမ္မတဝင်းမြင့်သည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတစ်ခုတွင် မူဝါဒသစ်နှစ်ရပ်ကို ကြေငြာခဲ့သည်- ယင်းတို့မှာ မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒတို့ဖြစ်ကြသည်။ အခမ်းအနားသို့ အစိုးရတာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းတာဝန်ရှိသူများ၊ အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားရေးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှကိုယ်စားလှယ်များ၊ ယူအဲန် Resident Coordinator နှင့် ဥရောပသမဂ္ဂဆိုင်ရာသံအမတ်ကြီး စသည်တို့ တက်ရောက်ခဲ့ကြသည်။

မိမိတို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားအနေဖြင့် လက်ရှိ ရင်ဆိုင် ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဆိုင်ရာ စိန်ခေါ်မှုပြဿနာများထဲတွင် လေထုညစ်ညမ်းမှုပြဿနာသည် ဦးစားပေးအနေဖြင့် အရေးတကြီး အလေးထား ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်ကို မီးမောင်းထိုးပြသည့်အနေဖြင့် ယခုနှစ် ကမ္ဘာ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနား၏ ဆောင်ပုဒ်အဖြစ် လေထုညစ်ညမ်းမှု တိုက်ဖျက်စို့ ( Beat Air Pollution) ဟု သတ်မှတ်ထားပါကြောင်းပြောကြားခဲ့သည်။

လက်ရှိထုတ်ပြန် ပြဋ္ဌာန်းထားပြီးဖြစ်သည့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ မူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့် လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ မြို့ပြအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ကျောင်းသူ ကျောင်းသားများ၊ ပြည်သူများအနေဖြင့် သိရှိနားလည်ရန်၊ မိမိတို့၏ကဏ္ဍအလိုက် ဖွံ့ဖြိုးမှုစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်း အသီးသီးတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို မဖြစ်မနေ ထည့်သွင်း ပေါင်းစပ်ပြီး အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာတွင် အောင်မြင်နေသည့် နည်းပညာ၊ အတွေ့အကြုံများအပေါ် အခြေခံပြီး သဘာဝဂေဟစနစ်နှင့် သယံဇာတများ ရေရှည်တည်တံ့ရေး၊ မှန်လုံအိမ်ဓါတ် ငွေ့လျှော့ချရေးနှင့် လေထုညစ်ညမ်းမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သွားခြင်းအားဖြင့် ရေရှည်တည်တံ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင် ဟန်ချက်ညီသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံချက်ရရှိနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းပြောကြားခဲ့သည်။

http://www.mizzima.com/article/myanmar-announces-national-environment-and-climate-change-policies

## ရန်ကုန်တိုင်းအတွင်း လယ်ယာမြေအမှုများနှင့်ပတ်သက်ပြီး အထူးအဖွဲ့ ဖွဲ့စည်းမည်

Eleven Myanmar, 29 May 2019



ရန်ကုန်တိုင်းအတွင်း လယ်ယာမြေအမှုများနှင့်ပတ်သက်ပြီး အထူးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးဌာနမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း မေ ၂၂ ရက်တွင် ရန်ကုန်မြို့ ကုန်သည် များနှင့် စက်မှုလက်မှု အသင်းချုပ်ရုံး၌ ကျင်းပသည့် နိုင်ငံတော်ဒုတိယ သမ္မတ□၁□ ဦးမြင့်ဆွေနှင့်စီးပွားရေး လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောဆိုသည်။

“မြေယာကဏ္ဍက အလွန်သိမ်မွေ့ပါတယ်။ ဥပဒေ လုပ်ထုံးလုပ်နည်းအပြင်ကို ပြည်ထောင်စုဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအစိုးရရဲ့ လမ်းညွှန်မှုနဲ့ ဆောင်ရွက်ရမယ့်အခြေအနေမျိုးဖြစ်ပါတယ်။ ဒါကြောင့် ဒီမြေတွေနဲ့ပတ်သက်ပြီး အထူးအဖွဲ့ ဖွဲ့စည်းဖို့ ဥပဒေအရ ဒါကို သက်ဆိုင်ရာ လယ်/စီက ဆုံးဖြတ်လို့ မရပါဘူး။ အထူးအဖွဲ့ဖွဲ့ ပြီးဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စု ဝန်ကြီးဌာနကို သဘောထားတောင်းခံထားတာ ကျွန်တော်တို့တိုင်းအတွက်တော့ အထူးအဖွဲ့ ဖွဲ့စည်းခွင့်ရရှိပြီဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအစိုးရရဲ့ လမ်းညွှန်မှုအောက်ကနေ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်” ဟုဝန်ကြီးချုပ်ကပြောဆိုသည်။

လယ်မြေကို အခြားနည်းပြောင်းလဲသုံးစွဲခွင့်ရရှိပါက ဈေးနှုန်းများပါပြောင်းလဲလာနိုင်ကြောင်း၊ အဆိုပါ လယ်မြေများကို ငွေပေးပြီး အလွယ်တကူဖြင့် အခြားနည်းလမ်းပြောင်းလဲသုံးစွဲနိုင်ပါက ငွေကြေးအကုန်အကျခံကာ ထင်ရာပြုလုပ်လာနိုင်သည့်အတွက် ဥပဒေနှင့်အညီစနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းကဆက်လက် ပြောဆိုသည်။

“ ရန်ကုန်တိုင်းဟာ မြေနဲ့ပတ်သက်ရင် တော်တော်လေးကို စနစ်တကျကိုင်တွယ်ရမယ့် အခြေအနေဖြစ်ပါတယ်။ မြေသိမ်းယာသိမ်းကိစ္စတွေကလည်း ကျွန်တော်တို့မှာ အမှုတွဲပေါင်း ဇဟိုကိုတင်ပြထားမှုနဲ့ ပြီးခဲ့တဲ့အစိုးရလက်ထက်က ကျန်ခဲ့တဲ့ အမှုတွဲတွေပါဆိုရင် စုစုပေါင်းအမှုတွဲ ၅၀၀၀ လောက်စစ်ဆေးနေပါတယ်။ အဲဒီအမှုတွဲ ၅၀၀၀ လောက်မှာ အမှုတွဲ ၁၀၀ ကျော်လောက်ပဲ ကျန်ပါတော့တယ်။ ကျန်တာတွေအားလုံးစိစစ်ပြီး ဇဟိုကိုပေးပို့ဖို့ အားလုံးပြင်ဆင်နေပြီဖြစ်ပါတယ်” ဟု ဝန်ကြီးချုပ်ကပြောသည်။

ရန်ကုန်တိုင်းအတွင်း လယ်ယာမြေနှင့် ပတ်သက်ဆက်နွယ်ပြီး ပေါ်ပေါက်နေသည့် အမှုပေါင်း ၁၈၀၀၀ ခန့်ရှိ ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာကိုလည်း သဘောထားတောင်းခံထားပြီး ဥပဒေအ တွင်း စနစ်တကျ ပြန်လည်သွင်းနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၂ လယ်ယာမြေဥပဒေအရ လယ်ယာမြေကို အခြားနည်းသုံးစွဲပါက ဒဏ်ရိုက်သည့်အပြင် ယင်းမြေကို သိမ်းဆည်းကာ လယ်ယာမြေအဖြစ် ပြန်လည်အသုံးပြုရမည်ဖြစ်ပြီး လယ်ယာမြေကို အခြားနည်းပေးသုံး၍ မရကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

https://elevenmyanmar.com/news/ygn-govt-forms-investigation-team-to-solve-land-dispute

## စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်မှု

### ရှမ်းစု-ချောင်းစောက်- လှည်းဆိပ်-မိုးကြိုးပစ် ကျေးလက်ကတ္တရာလမ်း ဖွင့်လှစ်

The Global New Light of Myanmar, 27 May 2019



ကျေးလက်လမ်း၊တံတားများဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကမ္ဘာ့ဘဏ်အကူအညီဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ရေကြီးရေလျှံနှင့် မြေပြိုမှုများကြောင့် အရေးပေါ် ပြန်လည်ထူထောင်ရေးစီမံကိန်း၏ ရှမ်းစု-ချောင်းစောက်- လှည်းဆိပ်-မိုးကြိုးပစ် ကျေးလက်ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်းက တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ယခုစီမံကိန်းသည် ရေကြီး၊ရေလျှံနှင့် မြေပြိုမှုများကြောင့် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေ အကူအညီဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အမေရိကန်ဒေါ်လာသန်း ၇၀ ဖြင့် မကွေး၊ စစ်ကိုင်း၊ ပဲ

ခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်းရှိ သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် ကျေးလက်လမ်းများကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်မည်ဖြစ်သည်။

ကျုံပျော်မြို့နယ် ရှမ်းစု-ချောင်းစောက်- လှည်းဆိပ်-မိုးကြိုးပစ် ကျေးရွာချင်းဆက် ကတ္တရာလမ်း ၁၄ ကီလိုမီတာကို အသုံးပြုခြင်းအားဖြင့် ပြည်သူများအတွက် အချိန်နာရီဝက်ခန့် သက်သာသွားပြီး သယ်ယူပို့ဆောင်ချောင်းဆက် ကတ္တရာလမ်း ၁၄ ကီလိုမီတာကို အသုံးပြုခြင်းအားဖြင့် ပြည်သူများအတွက် အချိန်နာရီဝက်ခန့် သက်သာသွားပြီး သယ်ယူပို့ဆောင်ရေးစရိတ် သက်သာသွားမည်ဖြစ်သည်။

ယနေ့ဖွင့်လှစ်သည့် ရှမ်းစု-ချောင်းစောက်- လှည်းဆိပ်-မိုးကြိုးပစ် ကျေးလက်ကတ္တရာလမ်းသည် ဧရာဝတီတိုင်းဒေသကြီး၊ကျုံပျော်မြို့နယ်ရှိ ပတ်ဝန်းကျင်ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၂၄၈၇ အိမ်၊ လူဦးရေ ၁၀၆၂၇ ဦးတို့ကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အညီ ဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

http://www.globalnewlightofmyanmar.com/new-inter-village-tar-road-in-ayeyawady-cuts-travel-time-and-costs-to-residents/

## ဝင်ငွေနည်းပါးသူများအတွက် တန်ဖိုးနည်းအိမ်ရာများ အရစ်ကျရောင်းချပေးမည်

The Global New Light of Myanmar, 18 May 2019

ဒဂုံဆိပ်ကမ်းနှင့်လှိုင်သာယာမြို့နယ်များရှိ တန်ဖိုနည်း/တန်ဖိုးသင့်အိမ်ရာများကို ဝင်ငွေနည်းပါးသည့်သူများအား ရေရှည်အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောခဲ့သည်။



အဆိုပါအိမ်ခြံမြေစီမံကိန်းများကို ဂျပန်နိုင်ငံ၏တရားဝင်ဖွံ့ဖြိုးမှုပံ့ပိုးရေးအစီအစဉ်၏ ကူညီပေးမှုဖြင့် အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်သည်။ ရေရှည်အိမ်ရာချေးငွေကို ထိုအစီအစဉ်အောက်တွင် ပေးသွားမည်ဖြစ်သည်။

စီမံကိန်းတွင် အခန်းဝယ်ယူချင်သည့်သူများသည် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်(CHID)တွင် ငွေစုဘဏ်စာရင်းဖွင့်ရန်လိုအပ်သည်။

ဘဏ်၏ဖောက်သည်အချို့သည် အခန်းများကိုဝယ်ယူရန်အတွက် ဘဏ်တွင် ငွေအလုံအလောက်အပ်နှံထားသည်။ ထိုသူများသည် ဒဂုံဆိပ်ကမ်းရှိ ယုဇနအိမ်ရာနှင့် ကနောင်အိမ်ရာ ၁ နှင့် ၂ တို့ကို ဝယ်ယူနိုင်ပြီး၊ လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ဗန်းအိမ်ရာနှင့်ထီးလှိုင်ရှင်အိမ်ရာစီမံကိန်းရှိ အပိုင်း ၁ နှင့် ၂ တို့ကို ဝယ်ယူနိုင်သည်။ CHID သည် မေလ ၁၀ ရက်နေ့တွင် ဝယ်ယူနိုင်သည့်သူများစာရင်းကို ကြေငြာခဲ့သည်။ အခန်းဝယ်ယူရန် စုစုပေါင်း ၃၀၄၂ ဦးကို အတည်ပြုပေးခဲ့သည်။

ဝယ်ယူရန်အတည်ပြုပေးပြီးသည့်သူများသည် မေလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အတွင်း ၎င်းတို့ကိုယ်တိုင်လာရောက်စာရင်းသွင်းရမည်ဖြစ်သည်။ မြို့ပြနှင့်အိမ်ရာဌာနသည် မေလ ၂၀ ရက်နေ့တွင် မဲနှိုက်ရမည့်သူများစာရင်းကို ကြေငြာမည်ဖြစ်သည်။

http://www.globalnewlightofmyanmar.com/affordable-housing-units-for-low-income-buyers-to-be-sold-by-instalment/

## ဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၁၃၀၀ ကျော် မီးလင်းရန် ဆောင်ရွက်ပေးမည်

The Irrawaddy, 27 May 2019

၂၀၁၉- ၂၀ ဘဏ္ဍာနှစ်အတွင်း ဆိုလာစနစ်အသုံးပြု အသေးစားလျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် တိုင်းဒေသကြီး ၅ ခု အတွင်းရှိ ကျေးရွာပေါင်း ၁၃၀၀ ကျော်ကို အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေး စီမံကိန်း (National Electrification Project – NEP) အရ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်သွားပေးမည်ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ စီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဟု သိရသည်။



ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရန်အတွက် ကုန်ကျစရိတ်ကို ဆိုလာတပ်ဆင်မည့် ကျေးရွာနေသူများက ၂၀ ရာခိုင်နှုန်း၊ အကောင် အထည်ဖော်မည့် ပုဂ္ဂလိက ကုမ္ပဏီက ၂၀ ရာခိုင်နှုန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ၆၀ ရာခိုင်နှုန်း အကုန်အကျခံ၍ လုပ်ဆောင်ပေးနေခြင်းဟု သိရသည်။

အဆိုပါ ကျေးရွာပေါင်း ၁၃၀၀ ကျော်မှာ မန္တလေး၊ မကွေး၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီ စသည့် တိုင်းဒေသကြီးအတွင်းမှ ကျေးရွာများဖြစ်ပြီး မဟာဓာတ် အားလိုင်းမှ ၁၀ မိုင် ကျော်ကွာဝေးကာ လာမည့် ၁၀နှစ်အထိ လျှပ်စစ်မီး မရနိုင်သေးသည့် ကျေးရွာများအား ဦးစားပေး၍ ဆိုလာစနစ်ဖြင့် မီးလင်းရေးကို ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

NEP ကို ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ရေးဆွဲခဲ့ကာ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ စီမံကိန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၃၀ ပြည့် နှစ်တွင် နိုင်ငံ တဝှမ်းလုံး လျှပ်စစ်မီးရရှိရန် ရည်ရွယ်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လုပ်ဆောင်နေခြင်းဖြစ်သည်။

အဆိုပါ NEP စီမံကိန်းကို ကမ္ဘာ့ဘဏ် ချေးငွေ အမေရိကန် ဒေါ်လာ သန်း ၄၀၀ ဖြင့် ၂၀၁၆ မှ ၂၀၂၂ ခုနှစ် အထိ ၅ နှစ်တာ ကနဦး စီမံကိန်းကာလအတွင်း ကျေးရွာပေါင်း ၈၀၀၀ ကျော်နှင့် အိမ်ခြေပေါင်း ၇ သိန်းနီးပါး မီးရရှိရေး ဆောင်ရွက်သွားမည်ဟု သိရသည်။

NEP စီမံကိန်းအရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက မဟာဓာတ်အားလိုင်း တိုးချဲ့သွယ်တန်းခြင်း (Grid extension) ကို တာဝန်ယူ ဆောင်ရွက်နေသလို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မဟာဓာတ်အားလိုင်း (National Grid) မရောက်ရှိနိုင်သေးသော ဒေသများအတွက် မဟာဓာတ်အားလိုင်း ပြင်ပမီးလင်းရေး (Ps-Grid Electrification) ကို တာဝန်ယူ ဆောင်ရွက်နေခြင်းဟု သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (Grid extension) ကဏ္ဍအတွက် အမေရိကန် ဒေါ်လာ သန်း ၃၁၀ အသုံးပြုသွားမည်ဖြစ်သလို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မဟာဓာတ်လိုင်း ပြင်ပ မီးလင်းရေး အတွက် အမေရိကန် ဒေါ်လာ သန်း သန်း ၉၀ အသုံးပြု၍ ဆောင်ရွက်နေခြင်းဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ဓာတ်အားသုံးစွဲမှု များပြားလာလျက်ရှိရာ ၁၅ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းထိ တိုးမြင့်သုံးစွဲ လာကြောင်း သိရသည်။

ထို့အပြင် NEP စီမံကိန်း ပထမအဆင့်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ မဟာဓာတ်အားလိုင်းမှ ၂ မိုင် အတွင်းရှိ ကျေးရွာ ၅၁၈၀ ရွာ လျှပ်စစ်ဓာတ်အာရရှိရေးကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် ပြီးစီးမည်ဖြစ် ကြောင်းသိရသည်။

အဆိုပါ ပထမအဆင့်ပြီးစီးပါက ကျေးရွာ ၅၀၈၀ ရှိ အိမ်ထောင်စုပေါင်း ၆၂၆၇၅၇ အတွက် ဓာတ်အားစနစ်မှ ဓာတ်အား ရရှိနိုင်မည်ဖြစ်ကာ ဒုတိယအဆင့် အနေဖြင့် မဟာဓာတ်အားလိုင်းမှ ၅ မိုင်အတွင်း ကျေးရွာများဓာတ်အား ရရှိရေးကိုလည်း ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ပြီးစီးအောင်ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

https://www.irrawaddy.com/news/burma/1300-villages-receive-solar-generated-electricity-fy2019-20.html

**“အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်လုပ်ငန်း ဖြေလျှော့မှု စမ်းသပ်စီမံကိန်း စတင်**

Myanmar Times, 29 May 2019



အလုပ်သမားဝန်ကြီးဌာနသည် မှတ်ပုံတင်စာရင်းသွင်းထားသည့် လုပ်သားများနှင့်အလုပ်ရှင်များ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှု ရရှိစေရန်အတွက် လူမှုလုံခြုံရေးငွေပေးချေမှုစနစ်ကို လုပ်ဆောင်နေကြောင်း သိရှိရသည်။

စနစ်သစ်ကို ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်နှင့် မန္တလေးတိုင်းရှိ ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စမ်းသပ်လုပ်ဆောင်နေပြီဖြစ်သည်၊ ထိုနေရာများသည် စက်ရုံအလုပ်ရုံများ အများဆုံးတည်ရှိရာနေရာများဖြစ်သည်။ နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်းနှင့်အစိုးရမဟုတ်သည့်အဖွဲ့အစည်းဖြစ်သည့် Vision Zero Funds (VSF) အဖွဲ့တို့သည် စမ်းသပ်စီမံကိန်းအတွက် ကူညီပံ့ပိုးမှုများ ပေးနေ

သည်။

ဝန်ကြီးဌာနသည် ပြီးခဲ့သည့်ရက်သတ္တပတ်ကပင် စမ်းသပ်စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့သည်။

စနစ်သစ်အောက်၌ အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရရှိသောအလုပ်သမားစာရင်းသွင်းထားသူများသည် အနီးဆုံးဆေးရုံဆေးပေးခန်းများတွင် သွားရောက်ကုသနိုင်သည်။

ဒီစမ်းသပ်စီမံကိန်းကို ၆ လ စမ်းသပ်မှာပါ။ အားလုံးအဆင်ပြေတယ်ဆိုရင်တော့ ကျွန်တော်တို့ဒီစနစ်သစ်ကို အခြားမြို့နယ်တွေမှာပါ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

https://www.mmtimes.com/news/govt-launches-new-payment-system-injured-workers.html

## ဝါဂွမ်း၊ ချည်မျှင်၊ရက်ကန်းယက်တန်းများ ဘားအံတွင် ပို့ချမည်

The Global New Light of Myanmar, 30 May 2019

ဘားအံရှိ ရက်ကန်းယက်ခြင်းနှင့် အသက်မွေးမှုသင်တန်းကျောင်းတွင် ဝါဂွမ်းနှင့် ချည်မျှင်သင်တန်းကို တစ်နှစ်ပို့ချပေးမည်ဖြစ်ပြီး ရက်ကန်းယက်လုပ်ခြင်းသင်တန်းကို ၆ လ ပို့ချပေးမည်ဖြစ်သည်။ ဝါဂွမ်းနှင့် ချည်မျှင်သင်တန်းတွင် အယောက် ၂၀ ခေါ်ယူမည်ဖြစ်ပြီး ရက်ကန်းယက်သင်တန်းတွင် ၁၀ ယောက် ခေါ်ယူမည်ဖြစ်သည်။



ကျောင်းမှ သင်တန်းသားများကို ထောက်ပံ့ကြေးတစ်လလျှင် ငွေကျပ် သုံးသောင်း ပေးမည်ဖြစ်သည်။

သင်တန်းကို ဇူလိုင်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး လာရောက်လျှောက်ထားသူများသည် အလယ်တန်းအဆင့်ပြီးဆုံးအသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်း ရှိရမည်ဖြစ်သည်။ သင်တန်းကျောင်းတွင် သင်တန်းသာများအတွက် နေရာထိုင်ခင်းနှင့် အခြားလိုအပ်သောအထောက်အကူများကို ပံ့ပိုးပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများသည် ဖုန်း 058-21607 နှင့် 09-253525348 ထံသို့ ဇွန်လ ၂၉ ရက်နေ့ နောက်ဆုံးထားပြီး လာရောက်စာရင်းသွင်းနိုင်သည်။

http://www.globalnewlightofmyanmar.com/cotton-textile-weaving-courses-to-be-offered-in-hpa-an-town/

## YRIC မှ အလုပ်အကိုင် ၅၆၀၀ ကျော် ဖန်တီးပေးနိုင်သည့် ပြည်တွင်းပြည်ပစီမံကိန်း ၁၁ ခုကို ခွင့်ပြု

The Global New Light of Myanmar, 30 May 2019

ရန်ကုန်တိုင်းဒေသကြီးအစိုးရရင်းနှီးမြှုပ်နှံမှုကော်မရှင်(YRIC) သည် ပြည်ပစီမံကိန်း ၈ ခုနှင့် ပြည်တွင်း စီမံကိန်း ၃ ခုကို မီးစိမ်းပြလိုက်ပြီဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း ယူအက်စ်ဒေါ်လာ ၁၅□၈ သန်းနှင့် ငွေကျပ် ၆□၂ ဘီလီယံရှိကြောင်း ယမန်နေ့က အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်။



(YRIC) ၏ သတင်းစာရှင်းလင်းပွဲထုတ်ပြန်ချက်အရ စီမံကိန်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်း ၅၆၃၀ ဖန်တီးပေးနိုင်ရန် မျှော်မှန်းထားသည်။

၂၀၁၇- ၂၀၁၈ (ဩဂုတ်-မတ်)လ ဘဏ္ဍာနှစ်အတွင်း YRIC သည် ရန်ကုန်တိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ပြည်ပစီမံကိန်း ၃၉ ခုနှင့် ပြည်တွင်းစီမံကိန်း ၉ ခုကို ခွင့်ပြုပေးခဲ့ပြီး ယူအက်စ်ဒေါ်လာ ၅၆□၆ သန်းနှင့် ငွေကျပ် ၂၃ ဘီလီယံရှိပြီး အလုပ်အကိုင် ၂၂၄၈၁ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

ရန်ကုန်တိုင်းတွင် ထုတ်လုပ်မှုကဏ္ဍသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မှုအများဆုံးဖြစ်သည်။ စီးပွားရေးလုပ်ငန်းများမှာ ဆေးဝါး ထုတ်လုပ်မှုများ၊ ယာဉ်၊ မော်တော်ကား၊ ကွန်တိန်နာသေတ္တာများနှင့် ဖြတ်၊ညှပ်၊ထုတ်ပိုးသည့်စက်ရုံများဖြစ်ကြသည်။

ဒေသကြီးနှင့် ပြည်နယ်များအကြားတွင် ရန်ကုန်တိုင်းဒေသကြီး၍ လာရောက်ရင်းနှီးမြှုပ်နှံမှု ၆၀ ရာခိုင်နှုန်းရှိပြီး မန္တလေးတွင် ၃၀ ရာခိုင်နှုန်းရှိသည်။ အခြားသောပြည်နယ်နှင့်တိုင်းများသည် အသေးစားရင်းနှီးမြှုပ်နှံမှုများသာ ရရှိကြောင်း သိရှိရသည်။

http://www.globalnewlightofmyanmar.com/yric-permits-11-foreign-domestic-projects-to-create-over-5600-jobs/

## တနင်္သာရီရှိ မောတောင်စခန်းကိုအမြဲတမ်းကုန် သွယ်ရေးစခန်းအဖြစ် ဖွင့်လှစ်သွားမည်

Myanmar Business Today, 21 May 2019

တနင်္သာရီမြို့နယ်၊ မောတောင်မြို့နယ်ခွဲရှိ မြန်မာနှင့် ထိုင်းကုန်သွယ်ရေး နယ်စပ်ဂိတ်စခန်းဖြစ်သည့် မောတောင်စခန်းကို နှစ်နိုင်ငံ နယ်နိမိတ် စနစ်တကျ တိုင်းတာသတ်မှတ်ပြီး နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးပြီးပါက မောတောင်စခန်းကို အမြဲတမ်းကုန်သွယ်ရေးစခန်းအဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြည်သူ့ လွှတ်တော် ပုံမှန်အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဌာနမှ ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောသည်။



အမြဲတမ်းနယ်စပ် ကုန်သွယ်ရေးစခန်း အဖြစ် ဖွင့်လှစ်နိုင်ရန် မြန်မာ-ထိုင်း နယ်စပ် ကုန်သွယ်ရေး ပူးပေါင်းကော်မတီနှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံပူးတွဲ ကော်မရှင် အစည်းအဝေးတွင်လည်းကောင်း၊ နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံရာတွင်လည်းကောင်း ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

"မောတောင် ကုန်သွယ်ရေးစခန်းက ထိုင်းနိုင်ငံက ပရာချွတ်ကရီခန်ခရိုင်၊ ဆွင်ခန်း ကျေးရွာနဲ့မျက်နှာချင်းဆိုင်မှာရှိပါ။ ကုန်သွယ်ရေးစခန်းကို ၂၀၁၃ခုနှစ် မေလမှာ စပြီးဖွင့်လှစ်ခဲ့ပါတယ်။ ဝန်ထမ်းပေါင်း ၂၈ ဦး နှင့် ကုန်သွယ်မှုလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောသည်။

https://www.mmbiztoday.com/articles/maw-taung-trade-post-be-opened-thai-myanmar-border

## အဂတိလိုက်စားမှုမရှိရန်နှင့် နယ်မြေကျော် ကျောင်းအပ်နှံခြင်း လက်မခံရန် ကျောင်းများကိုညွှန်ကြားထား

Myanmar Times, 27 May 2018

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွင်း ကျောင်းအပ်နှံရာတွင်နယ်မြေကျော်ကျောင်းအပ်နှံခြင်းကို လက်မခံရန် ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများအားလုံးကိုညွှန်ကြားထားကြောင်းပညာရေးဝန်ကြီးဌာန၊အခြေခံပညာဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်ဦးကိုလေးဝင်းက ပြောသည်။




ကျောင်းအပ်ရာတွင် မြို့နယ်ကျော်ပြီး လက်မခံရန် အခြေခံပညာရေးဦးစီးဌာန၏ ညွှန်ကြားချက်ကို ပြီးခဲ့သည့်နှစ်ကတည်းက ချမှတ်ထားပြီး ယခုနှစ်တွင် ရန်ကုန်နှင့်မန္တလေးမြို့ရှိ ကျောင်းများက သေချာစွာလိုက်နာဆောင် ရွက်ရမည်ဖြစ်သည်။

"မိဘတွေကကလေးတွေကိုနာမည်ကြီးကျောင်းတွေမှာထားချင်တော့ဆရာမတွေနဲ့မိဘတွေကြားလာဘ်ပေးလာဘ်ယူမှုတွေရှိလာတယ်။ပြဿနာတွေဖြစ်လာတယ်။အဂတိလိုက်စားမှုတွေမဖြစ်စေဖို့ လုပ်တာဖြစ်တယ်"ဟုဦးကိုလေးဝင်းက ဆက်လက်ပြောသည်။

တစ်နိုင်ငံလုံးရှိကျောင်းများကိုညွှန်ကြားထားပြီးအဓိကမှာ ရန်ကုန်နှင့် မန္တလေးမြို့ရှိ နာမည်ကြီးကျောင်းများကိုအဓိက ရည်ရွယ်သည်ဟု ၎င်းကဆို သည်။

"နယ်ကျော်ကျောင်းအပ်တာတွေကိုလက်မခံဘူးဆိုတော့ကျောင်းတိုင်းမှာသင်ထောက်ကူပစ္စည်းပံ့ပိုးထားတဲ့စံနှုန်းကတူလား၊ဆရာ၊ဆရာမသင်ကြားမှုပုံစံနဲ့ ကျွမ်းကျင်မှုကတူလား၊ ကျောင်းနဲ့ကျောင်းရဲ့ပတ်ဝန်းကျင်က ကလေးတွေ ကျန်းမာရေးလုံခြုံရေးစိတ်ချရလား၊ကျောင်းအားလုံးကညီတူညီမျှပဲဆိုရင်မိဘတွေကနယ်ကျော်ပြီးအပ်မယ်လို့မထင်ပါဘူး။ကိုယ့်ရပ်ကွက်မှာရှိတဲ့ကျောင်းပဲထားမှ

၁ပေါ့"ဟုဗဟန်းမြို့နယ်အခြေခံပညာမူလတန်းကျောင်းတစ်ခုတွင်ဒုတိယတန်းတက်ရောက်ရမည့်ကျောင်းသားတစ်ဦး၏ဖခင် ကိုဟိန်းလတ်ကပြောသည်။

တစ်နိုင်ငံလုံးရှိကျောင်းအပ်လက်ခံခြင်းကိုယခုနှစ်မေ၂၅ရက်မှ၃၁ရက်အထိသတ်မှတ်ထားသည်။

နယ်ကျော်အပ်နှံခြင်းရှိမရှိ၊ တစ်ကျောင်းနှင့်တစ်ကျောင်းသင်ကြားပုံအရည်အသွေးတူညီမှုရှိမရှိနှင့် ကလေးများ၊ ဆရာ/ဆရာမများ က သင်ရိုးများအပေါ်အမှန်တကယ် ကျွမ်းကျင်ကျေညက်မှုရှိမရှိတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ဝင်ရောက်စစ်ဆေးသင့်ကြောင်း ၎င်းက အကြံပြုသည်။

အချို့ကျောင်းသားမိဘများအနေဖြင့်နာမည်ကြီးကျောင်းများတွင်အပ်နှံရန်ကလေးကိုသန်းခေါင်စာရင်းပြောင်းထည့်ခြင်းများလုပ်ကိုင်က ၁ ယင်းအတွက်သက်ဆိုင်ရာဌာနများကိုငွေကြေးပေးဆောင်မှုများရှိလာနိုင်သည့်အတွက် ကျောင်းအပ်နှံရာတွင်ကုန်ကျစရိတ်ပိုမိုလာနိုင်ကြောင်းကျောင်းသားမိဘအချို့က သုံးသပ်ကြသည်။နယ်မြေကျော်လက်မခံရန်ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိသည့် ကျောင်းများကိုအရေးယူဆောင်ရွက်မှုများပြုလုပ်သွားမည်ဟု ညွှန်ကြားရေးမှူးချုပ်ဦးကိုလေးဝင်းက ပြောသည်။

https://www.mmtimes.com/news/schools-told-not-enrol-students-other-townships.html

## ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးငယ်များကို ငွေကြေးထောက်ပံ့ရန် IDAထံမှ ချေးငွေ ရယူရေး လွှတ်တော်အတည်ပြု

Eleven Myanmar, 1 June 2019

ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော၂နှစ်အောက် ကလေးငယ်များအတွက် ငွေကြေး ထောက်ပံ့ပေးရန် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့(IDA)ထံမှ အမေရိကန် ဒေါ်လာ သန်း (၁၀၀) ချေးယူရေးကိစ္စကို ဇွန်လ ၅ ရက်က ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်း အဝေးတွင် အတည်ပြုခဲ့သည်။

အဆိုပါ အစီအစဉ်ကို လူဦးရေနှင့် ကျန်းမာရေးစစ်တမ်း ၂၀၁၅- ၁၆ အရ ပုညွှက်မှုနှုန်းမြင့်မားလျက်ရှိသည့် ဧရာဝတီတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စတင် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ၊ ကျန်ပြည်နယ်နှင့် တိုင်းများအတွက် ငါးနှစ်စီမံကိန်းရေးဆွဲ၍ လုပ်ဆောင်သွားမည်ဟု လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးအောင်က ပြောသည်။

“လက်ရှိဆောင်ရွက်ပေးနေသောတိုင်းဒေသကြီးပြည်နယ်များနောက်တွင်ဆက်လက်ဆောင်ရွက်ပေးရန်လျာထားမှုအနေနဲ့၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင်ကချင်ပြည်နယ်၊မွန်ပြည်နယ်နဲ့စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် တွင်တနင်္သာရီတိုင်းဒေသကြီးတို့၌ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ကာလလတ်အစီအစဉ်ဖြင့်ငါးနှစ် စီမံကိန်းရေးဆွဲလျာထားပြီးဖြစ်ပါတယ်။ကျန်ပြည်နယ်တိုင်း ဒေသကြီးများကိုလည်းငါးနှစ်တာကာလနောက်ပိုင်းဘဏ္ဍာရေးနှစ်များ မှာကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနကသုတေသနပြုထားသောလူဦးရေနဲ့ကျန်းမာရေးဆိုင်ရာ စစ်တမ်း ၂၀၁၅ - ၂၀၁၆ ပါပုညွှက်မှု နှုန်းများအရတိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဦးစိုးအောင်ကပြောသည်။

အဆိုပါထောက်ပံ့ကြေးပေးသည့် အစီအစဉ်အရ ကိုယ်ဝန်ဆောင်စဉ် မိခင်တစ်ဦးအတွက် ကျပ်တစ်သောင်းခွဲ ထောက်ပံ့သွားမည်ဖြစ်ပြီး ကလေးမွေးဖွားပြီးချိန်တွင် မိခင်အတွက် ရရှိတော့မည်မဟုတ်ဘဲ ကလေးအတွက်သာ အဆိုပါ ထောက်ပံ့ငွေကြေးကို ဘဝအစ ရက်တစ်ထောင်အတွင်း အဟာရနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးဖို့အတွက် လုပ်ဆောင်သွားမည်ဟု သိရသည်။

“အကျိုးခံစားခွင့်အတွက်အကျုံးဝင်မှုကာလနဲ့ပတ်သက်ပြီးကိုယ်ဝန်ဆောင်မိခင်များနဲ့၎င်းတို့မှမွေးဖွားလာသောအသက်၂နှစ်အောက်ကလေးသူငယ်များအားငွေကြေးထောက်ပံ့သည့်အစီအစဉ်ဟုဖော်ပြထားခြင်းမှာအစီအစဉ်စတင်သည့်အချိန်ကာလဥပမာ၂၀၁၉ခုနှစ်အောက်တိုဘာ၁ရက်တွင်ကိုယ်ဝန်ဆောင်ထားသောကိုယ်ဝန်ဆောင်မိခင်များအားလုံးနဲ့၎င်းနေ့ရက်နဲ့နောက်ပိုင်းမှာမွေးဖွားတောကလေးသူငယ်များအားလုံးကို အကျိုးခံစားခွင့်ပေးမှာဖြစ်ပါတယ်။ဒီ့အပြင်အကျိုးခံစားခွင့် ငွေကြေးအနေနဲ့ မိခင်က တစ်သောင်းခွဲကျပ်၊ကလေးကတစ်သောင်းခွဲကျပ်၊တစ်ပြိုင်နက်တည်းခံစားရမှာမဟုတ်ဘဲကိုယ်ဝန်ဆောင်စဉ်မှာမိခင်ကိုပေးခြင်းဖြစ်ပြီးတော့ မှ မွေးဖွားပြီးတဲ့ အခါမှာ ကလေးအတွက်ပေးခြင်း ဖြစ်တဲ့အတွက်က တစ်လကို သူတို့ ၂ ယောက်အတွက်က တစ်သောင်းငါးထောင်ကျပ်သာ ရရှိမှာ”ဟု ဦးစိုးအောင်က ပြောသည်။အထက်ပါ ထောက်ပံ့ခြင်းအစီအစဉ်ကို မြန်မာနိုင်ငံ၏ နယ်နမိတ်အတွင်း မှီတင်းနေထိုင်သည့် လူများအားလုံးကို မည်သည့်အချက်ပေါ်မှာမှ အခြေခံကာခွဲခြားသွားမှာ မဟုတ်ပဲ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု မှတ်တမ်းနှင့် ကလေးအတွက် ကာကွယ်ဆေးထိုး မှတ်တမ်းရှိသူအားလုံးကို ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

https://elevenmyanmar.com/news/ministry-to-take-loan-of-100-m-usd-for-pregnant-mothers-and-children-cash-assistance

## မြန်မာလုပ်သားများအား ဂျပန်မှ စက်ပြင်ကျွမ်းကျင်သင်တန်းများ ပေးမည်

The Global New Light of Myanmar, 3 June 2019

မြန်မာ-ဂျပန် SEDA ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရှိစက်ပြင်သမားများသည် အလုပ်သင်များအဖြစ် ဂျပန်နိုင်ငံ၌ ရရှိတော့မည်ဖြစ်သည်။




"ဂျပန်နိုင်ငံက သက်ကြီးစောင့်ရှောက်မှုစင်တာတွေမှာ လုပ်ဖို့အတွက် မြန်မာနိုင်ငံကဝန်ဆောင်မှုလုပ်သားတွေ ပို့ပေးတာနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့ လွန်ခဲ့တဲ့ ၃ လလောက်က MoU လက်မှတ်ရေးထိုးခဲ့ပါတယ်။ အခု စက်ပြင်သမားတွေကို ဂျပန်ကို အမြန်ဆုံးစေလွှတ်ပါတော့မယ်။ ကျွန်တော်တို့ အခြားအလုပ်သမားတွေကိုလည်း ဂျပန်ကို ပို့ဖို့ရှိပါတယ်၊ စားသောက်ဆိုင်တွေနဲ့ ဟိုတယ်လုပ်ငန်းတွေမှာလုပ်ကိုင်ချင်တဲ့မြန်မာလုပ်သားတွေကို သင်တန်းတွေပေးဖို့ရှိပါတယ်" ဟု Myanmar-Japan SEDA မှ ဦးအေးမင်းက ပြောခဲ့သည်။

ဂျပန်အစိုးရသည် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ အလုပ်သမား ၅ သိန်းကျော်ကို အလုပ်အမျိုးအစား ၁၄ ခုအရ ဂျပန်နိုင်ငံတွင် လာရောက်လုပ်ကိုင်ရန် ခွင့်ပြုမည်ဖြစ်သည်။ ဂျပန်တွင် လာရောက်လုပ်ကိုင်မည့်သူများသည် ဂျပန်စကားကို ကျွမ်းကျင်စွာပြောနိုင်ရမည်ဖြစ်ပြီး အစိုးရနှုန်းအရ ရေခြားမြေခြားအတွက် ကုန်ကျငွေယူအက်ခ်ဒေါ်လာ ၂၈၀၀ ကုန်ကျမည်ဖြစ်သည်။ ဂျပန်မှ ထိုကုန်ကျမှုအတွက် တစ်ဝက်ကို ချေးပေးဖို့ ကမ်းလှမ်းရန်လည်း စီစဉ်ထားသည်။

"ဂျပန်က မြန်မာစက်ပြင်သမားတွေကို ငှားရမ်းချင်တယ်လို့ ကျွန်တော်တို့ ကြားပါတယ်။ ဒါမြန်မာလူငယ်တွေအတွက် အဖိုးတန်တဲ့အခွင့်အလမ်းတစ်ခုပါပဲ "ဟု Progress Automotive Technical Trading ကျောင်းမှ ကျောင်းအုပ် ဦးစန်းဦးက ပြောကြားခဲ့သည်။

ယမန်နေ့က Myanmar-Japan SEDA နှင့်အသင်းအဖွဲ့များ၊ ဂျပန်ဘာသာစကားစာသင်ကျောင်းများ၊ ပြည်ပအလုပ်အကိုင်စုဆောင်းရေးအေဂျင်စီများနှင့် ဘဏ္ဍာရေးအထောက်အကူပြုအဖွဲ့များသည် သင်တန်းသားများနှင့် ကျွမ်းကျင်စက်ပြင်သမားများအား သင်တန်းပို့ချပေးရန်နှင့် ၎င်းတို့အား ဂျပန်သို့ စေလွှတ်ရန်အတွက် MoU ကို လက်မှတ်ရေးထိုးခဲ့သည်။

http://www.globalnewlightofmyanmar.com/myanmar-workers-to-gain-mechanic-skills-in-japan/

## အိမ်၊ အဆောက်အအုံ ဆောက်လုပ်လိုသူများအတွက် ၂၅နှစ်အထိ နှစ်ရှည်အရစ်ကျစနစ်ဖြင့် ချေးငွေလျှောက်ထားခြင်းအစီစဉ် ကို ကမ္ဘောဇဘဏ် မိတ်ဆက်

Myanmar Business Today, 4 June 2019

အိမ်၊ အဆောက်အအုံ ဆောက်လုပ်လိုသူများအတွက် ၂၅နှစ်အထိ နှစ်ရှည်အရစ်ကျစနစ်ဖြင့် ချေးငွေလျှောက်ထားခြင်းအစီစဉ်ကို ကမ္ဘောဇဘဏ်၊ MYANMAR ART Construction & Development Co.,Ltd နှင့် iMyanmarHouse.com တို့ ပူးပေါင်း၍ မိတ်ဆက်ခဲ့ကြောင်း သိရသည်။



ကမ္ဘောဇဘဏ်သည် နိုင်ငံသားများ ကိုယ်ပိုင်အိမ်တစ်လုံး ပိုင်ဆိုင်လိုသည့် စိတ်ကူးအိမ်မက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ MYANMAR ART Construction & Development Co., Ltd ၊ iMyanmarHouse.com တို့နှင့် ပူးပေါင်းကာ အဆောက်အဦး ဆောက်လုပ်လိုသူများအတွက် မြန်မာနိုင်ငံတွင် နှစ်ရှည်အရစ်ကျ ငွေပေးချေခြင်းစနစ်ကို ပထမဆုံး စတင်ဝန်ဆောင်မှုပေးခြင်းဖြစ် ကြောင်း သိရသည်။

"ကမ္ဘောဇဘဏ်မှ ဒီဝန်ဆောင်မှုအတွက် နှစ်ရှည်ချေးငွေများ ထုတ်ချေးပေးသွားမှာပါ။ ချေးငွေများကို လုပ်ငန်းတန်ဖိုး (အိမ်တန်ဖိုး)ရဲ့ ၇၀ရာခိုင်နှုန်းကို ထုတ်ချေးပေးသွားမှာဖြစ်ပြီး လူနေအိမ်အဆောက်အဦများအတွက် ဂရန်သက်တမ်းပေါ်မူတည်ပြီး အရစ်ကျငွေပေးချေနိုင်တဲ့ သက်တမ်းကို အများဆုံး (၂၅) နှစ်ထိ ချေးငွေရရှိအောင် Case by case ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ် " ဟု ကမ္ဘောဇဘဏ်၊ အိမ်ရာချေးငွေ ဌာနမှူး ဦးဌေး အောင်က ပြောသည်။

ထို့ပြင် အခြားစီးပွားရေးဆိုင်ရာ အဆောက်အအုံများဖြစ်သည့် ဟိုတယ်၊ မိုတယ်၊ စားသောက်ဆိုင်၊ အဆောင်၊ စက်ရုံ၊ ဂိုထောင်နှင့် အခြားသော အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် လုပ်ငန်းပေါ်မူတည်၍ ၃နှစ်အထိ အရစ်ကျစနစ်ဖြင့် ချေးငွေထုတ်ပေးသွားမည့်အပြင် ကိုယ်ပိုင်အဆောက်အအုံများ ပြန်လည်မွမ်းမံခြင်းအတွက်လည်း ချေးငွေလျှောက်ထားနိုင်မည်ဖြစ်သည်။

ဝင်ငွေခိုင်မာမှုရှိပြီး မြေအမျိုးအစားသည် နိုင်ငံတော် အသိအမှတ်ပြုထားပြီး ပိုင်ဆိုင်မှုခိုင်မာပါက နှစ်ရှည်အရစ်ကစနစ် ဝန်ဆောင်မှုကို လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝန်ဆောင်မှုအတွက် အရစ်ကျချေးငွေ အတိုးနှုန်းကို ၁၃% ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေလျှောက်ထားလိုသူများအနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားမိတ္တူ၊ ဝင်ငွေရလမ်းဖော်ပြချက်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူ၊ အသုံးပြုနေသည့် ဘဏ်စာရင်းရှင်းတမ်း (၆) လစာတို့ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

https://www.mmbiztoday.com/articles/kbz-introduces-long-term-construction-loans

## တရားဥပဒေနှင့်အုပ်ချုပ်မှု

**သမ္မတမှ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ရန်အတွက် ပိုမိုမြန်ဆန်သည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် တိုက်တွန်းပြောကြား**

Myanmar Times, 28 May 2018

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ၊ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားနေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ တွေ့ဆုံပြီး လမ်းညွှန် အမှာစကားပြောကြားသည်။



နိုင်ငံတော်သမ္မတက လမ်းညွှန်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံပွဲ ပြုလုပ်ရခြင်းသည် မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုကို ပိုမိုတိုးမြှင့်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ အန္တိမရည်ရွယ်ချက်မှာ နိုင်ငံတော်ကိုဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်မည်ဆိုသည့် သိန္နိဋ္ဌာန်ဖြစ်ပါကြောင်း။

တချို့က ပြုပြင်ပြောင်းလဲမှုကိုစိုးရိမ်နေကြပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် စိုးရိမ်စရာ မဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် မိတ်ကောင်းဆွေကောင်းဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် ခြိမ်းခြောက်မှုမဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ဖွံ့ဖြိုး တိုးတက်မှုနှင့် နိုင်ငံသူ နိုင်ငံသားများ၏ သားစဉ်မြေးဆက် ပျော်ရွှင်ချမ်းမြေ့မှုအတွက် အခွင့်ကောင်းအခါကောင်း ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်တွင် အပြန်အလှန်ထိန်းကျောင်းခြင်းရှိပါကြောင်း၊ ချစ်ခြင်း၊ မုန်းခြင်းအပေါ် မူမတည်ဘဲ အပြန်အလှန် ထိန်းကျောင်းမှုပေးခြင်းသည် ဒီမိုကရေစီ၏ အားသာချက် ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးအပိုင်းက ဆောင်ရွက်ချက်များကို ဥပဒေပြုရေးအပိုင်းမှ ကိုယ်စားလှယ်များက ထိန်းကျောင်းရမည်ဖြစ်ကြောင်း၊ သို့သော်လည်းအုပ်ချုပ်ရေးအပိုင်းကို ဝင်ရောက် စွက်ဖက်ခြင်းမျိုးမဖြစ်ရန် လိုပါကြောင်း၊ ထို့အတူအုပ်ချုပ်ရေး အပိုင်းမှလည်း တရားစီရင်ရေးအပိုင်းကို ဝင်ရောက်စွက်ဖက်၍ မရပါကြောင်း၊ တရားစီရင်ရေး အပိုင်းမှလည်း ဥပဒေပြုရေးအပိုင်းကို ဝင်ရောက် စွက်ဖက်၍မရပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းနှင့် အဆိုများတင်သည့်အခါတွင် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းမေးခွန်း၊ အဆိုနှင့် ပတ်သက်သည့် ကန့်သတ်ချက်၊ စည်းကမ်းချက်များနှင့်အညီသာတင်သွင်းရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုနှင့်မေးခွန်းများသည် နိုင်ငံတော်အတွက်နောင်အကျိုးဆက်ကို ကြည့်ရမည်ဖြစ်ပါကြောင်း။

မေးခွန်းများမေးမြန်းရာတွင် မေးသင့်မေးထိုက်သည်ကို မေးရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေး အပိုင်းကလည်း သေသေချာချာကျကျနန ဖြေပေးရမည်ဖြစ်ပါကြောင်း၊ ယင်းသည် အပြန်အလှန်နားလည်မှုနှင့် အပြန်အလှန်လေးစားမှုပင် ဖြစ်ပါကြောင်း၊ လွှတ်တော်နှင့် အုပ်ချုပ်ရေးအပိုင်း အပြန်အလှန် ယုံကြည်မှုပေး၍ အပြန်အလှန် ထိန်းကျောင်းရမည် ဖြစ်ပါကြောင်း။

UNHCR
The UN Refugee Agency

ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများကိုယ်တိုင် မပြုပြင် မပြောင်းလဲဘဲ တစ်ခြားသူကို ပြုပြင်ပြောင်း လဲနိုင်မည်မဟုတ်ပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်တာဝန် ထမ်းဆောင်ရာတွင် အနာဂတ်မျိုးဆက်အတွက် တာဝန်ကျေ အောင်ထမ်းဆောင်ရန် လိုကြောင်း၊ သမိုင်းကပေးသည့် တာဝန်၊ နိုင်ငံတော်ကပေးသည့်တာဝန်ကို မိမိတို့မည်မျှ စွမ်းဆောင်နိုင်ခဲ့သည်ဆိုသည့်အပေါ် မူတည်ပြီး နောင်မျိုးဆက်က အဆုံးအဖြတ် ပေးကြမည် ဖြစ်ပါကြောင်း၊ မိမိကျရာတာဝန်ကို အကောင်းဆုံး၊ အသေသပ်ဆုံး ဥပဒေနှင့်အညီ စည်းကမ်းနည်းလမ်းတကျ လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်လည်း မိမိအဖွဲ့အစည်း၊ မိမိလုပ်ပိုင်ခွင့်နှင့် မိမိလုပ်ရမည့် ကိစ္စကိုမှန်မှန်ကန်ကန် နားလည်ကျေညက်အောင် လေ့လာ သုံးသပ်ပြီး လုပ်စေလိုပါကြောင်း၊ တရားစီရင်ရေးသည် လွတ်လပ်သည့် တရားစီရင်ရေး ဖြစ်စေ လိုပါကြောင်း၊ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် တရားစီရင်စေလိုပါကြောင်း၊ ပြောလိုသည်မှာ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ တရားမကျင့်ထုံး ဥပဒေ၊ တရားရုံးလက်စွဲ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေစသည်ဖြင့် တရားစီရင်ရေးနှင့်ပတ်သက်သည့် ဥပဒေများအတိုင်းသာဆောင်ရွက်စေလိုပါကြောင်း စသည်ဖြင့် ပြောကြားသွားခဲ့သည်။

https://www.mmtimes.com/news/president-urges-faster-reforms-build-federal-union.html

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### NCA စာချုပ်ကို လက်မှတ်ထိုးမည်မဟုတ်ဟု NSCN-K ပြော

Mizzima, 4 June 2019

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးမည် မဟုတ်ကြောင်း မြန်မာ-အိန္ဒိယနယ်စပ်တွင် အခြေစိုက်ထားသည့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ-ကပ္ပလန် (NSCN-K) အဖွဲ့ က ရေဝတီသို့ ပြောသည်။



NSCN-K မှ လူထုဆက်ဆံရေး အရာရှိ ဂျိုးဇက်လမ်ကန် က “လက်ရှိ NCA ဟာ ၁၉၄၇ ခုနှစ် မူလပင်လုံ စာချုပ် ကို ခေတ်ပေါ် ပုံစံပြောင်းလဲ ထားခြင်းဖြစ်ပြီး ယခင် ပင်လုံစာချုပ် အဟောင်း မှာလည်း နာဂတို့ လက်မှတ်ထိုး ခြင်း မရှိခဲ့ဘူး” ဟု ဆိုသည်။

NSCN-K နှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရကြား ၂၀၁၂ ခုနှစ်၊ ဧပြီ ၉ ရက်က တိုင်းဒေသကြီးအဆင့် အပစ်ရပ်စဲရေး စာချုပ်(Bilateral)ကို လက်မှတ်ထိုးထားခြင်းကြောင့် အစိုးရ- တပ်မတော်ဘက်က ပြည်ထောင်စုအဆင့်နှင့် တနိုင်ငံလုံး အပစ်ရပ်စဲရေးစာချုပ် (NCA) ကို တခြားသောတိုင်းရင်းသား လက်နက်ကိုင်များနည်းတူ ထိုးရန် ကမ်းလှမ်းထားခြင်း ဖြစ်သည်။

တချို့သော NSCN-K မှ ထိပ်သီး ခေါင်းဆောင်ကမူ NCA လက်မှတ်ထိုးရန် စဉ်းစားမှုများ ရှိနေကြောင်းလည်း NSCN-K နှင့် နီးစပ်သော သတင်းရင်းမြစ်များထံမှ ကြားသိရသည်။

လက်ရှိတွင် တပ်မတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ တကားကျေးရွာရှိ NSCN-K ၏ဗဟိုဌာနချုပ်ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်က အိန္ဒိယအား ဆန့်ကျင်နေ သော အာသံနှင့် ကသည်း သူပုန်များကို NSCN-K က ခိုလှုံခွင့်ပြုထားခြင်းကြောင့် နယ်မြေရှင်းလင်းရေး လုပ် ကာ ထိန်းချုပ်ထားသည်။

ထို့နောက် အာသံနှင့် ကသည်း သူပုန် ၂၄ ဦးကို အပါအဝင် NSCN-K မှ ထိပ်ပိုင်း ခေါင်းဆောင် ၅ ဦးကို ဖမ်းဆီး ၍ ခန္တီးခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် မတရားအသင်း ဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇□၁ ဖြင့် အမှုဖွင့် အရေးယူခဲ့ရာ ၂၀၁၉ ခုနှစ်၊ မေ ၁၅ ရက်မှာ အာသံနှင့် ကသည်းသူပုန် ၂၄ ဦးအား ခန္တီးခရိုင်တရားရုံးမှ ထောင်ဒဏ် ၂ နှစ်စီ ချမှတ်လိုက်ပြီး NSCN-K က ခေါင်းဆောင် ၅ ဦးမှာ အမှုဆက်လက် ရင်ဆိုင်နေဆဲဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်ပြီး NSCN-K နှင့် တပ်မတော်ကြား Bilateral စာချုပ်ပါ သဘောတူညီချက်များကို ချိုးဖောက်သည်ဟု အပြန်အလှန်စွပ်စွဲနေကြသည်။

တပ်မတော်ဘက်က NSCN-K အနေဖြင့် NCA လမ်းကြောင်းကို လျှောက်လှမ်းရန် အပါအဝင် Bilateral စာချုပ်ပါ သဘောတူညီချက်များကို လေးစားလိုက်နာရန်နှင့် အာသံနှင့် ကသည်း သူပုန်များအား လက်မခံရန် စသည့် အချက် ၃ ချက်ကို လိုက်နာပါက ယခု ပြဿနာအား ဖြေရှင်းနိုင်ကြောင်း ဆိုသည်။

NSCN-K မှ လူထုဆက်ဆံရေးအရာရှိ ဂျိုးဇက်လမ်ကန်ကတော့ နာဂအရေးသည် တခြားသော တိုင်းရင်းသား များအရေးနှင့် မတူကွဲပြားနေသည်ကို မြန်မာအစိုးရ ကောင်းစွာသိရှိကြောင်း၊ နာဂကို NCA လက်မှတ်ထိုးရန် တွန်းအားပေးခြင်းထက် တခြားသော နည်းလမ်းအား ဆောင်ရွက်သင့်ကြောင်းဆိုသည်။

https://www.bnionline.net/en/news/nscn-k-will-not-sign-nca-official

**PPCM ဖွဲ့စည်းရေး NCA ထိုး အဖွဲ့များ အစည်းအဝေးပြုလုပ် သုံးသပ်မည်**

Shan Herald Agency for News, 6 June 2019

ကရင် အမျိုးသား အစည်းအရုံး(KNU)၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတိုင်ပင်ခံ အစည်းအဝေး (PPCM) ဖွဲ့စည်းရေးအဆိုပြုမှု အပေါ် NCA ထိုးထားသည့် လက်နက်ကိုင် ၁၀ ဖွဲ့မှ ဖွဲ့စည်းပေးထားသော အလုပ်အဖွဲ့က ဇွန်လ ၅ ရက်မှ ၇ ရက် အထိ အစည်းအဝေးပြုလုပ်၍ သုံးသပ်ကြမည် ဖြစ်ကြောင်း သိရသည်။



အစည်းအဝေးတွင် PPCM ဖွဲ့စည်းရေး တင်ပြမှု အခြေအနေအပေါ် သုံးသပ်မည်ဖြစ်သကဲ့သို့ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုင်းငံ့နေသော အခြေအနေကို မည်ကဲ့သို့ ကျော်လွှားနိုင်မလဲဆိုခြင်းအပေါ်လည်း ဆွေးနွေးအဖြေရှာကြမည်ဖြစ်ကြောင်း ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) မှ နာယက ဖြစ်သူ ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောသည်။

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် (NCA) ထိုးထားသည့် လက်နက်ကိုင် ၁၀ ဖွဲ့သည် ထိပ်သီး အစည်းအဝေးတရပ်ကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် မေ ၁၄ ရက်မှ ၁၈ ရက်ထိ ကျင်းပခဲ့ရာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ကို ဖျက်သိမ်း၍ PPCM ကို ဖွဲ့စည်းရန် KNU က အဆိုပြု တင်ပြခဲ့သည်။ထို့နောက် NCA လက်မှတ်ထိုးထားသည့် လက်နက်ကိုင် အဖွဲ့ကြား PPST ကို ဆက်လက်ထားရှိရေး အဆိုပြုသောအဖွဲ့ များနှင့် PPST ကို ဖျက်သိမ်းရန် အဆိုပြုသော အဖွဲ့ကြား သဘောထား ကွဲလွဲခဲ့ကြသလို PPCM ကို ဖွဲ့စည်းရန် KNU တင်ပြ မှု အပေါ်လည်း သဘောထား ကွဲလွဲခဲ့ကြသည်။

ဗိုလ်မှူးကြီး ခွန်ဥက္ကာက PPCM အကောင်အထည် ဖော်ရန် မလွယ်ကူကြောင်း၊ PPCM ကို အတင်း အကောင်အထည်ဖော် ပါက PNLO အဖွဲ့အနေဖြင့် ပူးပေါင်း ဆောင်ရွက်မှု မလုပ်နိုင်ကြောင်း၊ PPCM ဖြစ်တည်လာပါက ငြိမ်းချမ်းရေး လုပ်ငန်း စဉ် ဆိုင်းငံ့နေရာမှ ပျက်စီးသွားမည့် အခြေအနေထိ ဖြစ်သွားနိုင်ကြောင်း ဆိုသည်။

KNU အထွေထွေ အတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး က PPCM ဖွဲ့စည်းရခြင်းမှာ အားလုံးပါဝင် ပေါင်းစည်းနိုင်ရေး အတွက် ဖြစ်ကြောင်း၊ PPCM ဖွဲ့ပါက ငြိမ်းချမ်းရေးပျက်စီးသွားနိုင်သည်ဆိုခြင်းမှာ မသက်ဆိုင်ကြောင်း၊ PPST က မိမိတို့ နုတ်ထွက်ရခြင်းမှာ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ အားနည်းခြင်းကြောင့် ဖြစ်ကြောင်း ဧရာဝတီကို ပြောဆိုထားသည်။

https://www.bnionline.net/en/news/ceasefire-groups-meet-discuss-future-ppst

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.